

ရွှန်းရပိပိုး
ဘဝအထာ နှင့် နှလုံးသားကာဗျာ
Juli

"ဟိတ်ကောင်တွေ ငါ လာပြီကွ"

ထွဋ်မြနှင့် မိုးခါးတို့ စပ်ငှားထားသည့် တိုက်ခန်းကို သုံးဦးစပ်တူဖွင့်ထားသည့် ကွန်ပျူတာပစ္စည်းအရောင်းဆိုင်လေး ဖွင့်သည့်ရက်မှ လွဲပြီး ပိတ်ရက်တိုင်းမှာ ပင်ရင်းက ရောက်လာနေကြ။

"လာ ... မင်းကိုမျှော်နေတာ နေ့လယ်တည်းက"

"ချက်ချင်းကြီး လာလို့ မရသေးလို့ ကွ၊ ငါ့အိမ်မှာ အတိုက်အခံ ဆွေးနွေးနေရလို့ "

"ခေါင်းတိုက်ဆွေးနွေးခြင်း"

"မဟုတ်လောက်ဘူး၊ ဒူးတိုက်ဆွေးနွေးတာဖြစ်မယ်"

ထွဋ်မြနဲ့ မိုးခါး ဝင်ဖောက်သဖြင့် ပင်ရင်း ကျွဲမြီးတိုသွား၏ ။

"အဲဒါဆိုရင် မပြောတော့ဘူးကွာ"

"ပြောပြပါ မယားညီအစ်ကိုရယ်၊ ဟဲဟဲ ... ငါက မင်းခယ်မကို ယူမှာ "

"မရဘူး မိုးခါး၊ မင်းက သူ့မရီးကိုယူ၊ ငါက ခယ်မလေး ဟဲဟဲ ... မျှမျှတတပေါ့"

"ကဲ ... တော်ပြီ၊ ငါ လုံးဝမပြောပြတော့ဘူးနော်၊ ဒီဇာတ်လမ်းနဲ့ ပ

တ်သက်လို့ ကန့်လန့်ကာ ချလိုက်ပြီ”

“မယားညီအစ်ကိုရာ အဲ့လိုတော့ မလုပ်ပါနဲ့ ၊ မင်းနဲ့ စေ့စပ်မယ့်ကောင်မလေးမှာ အစ်မနဲ့ ညီမရှိတယ် ဆိုကတည်းက မစွံတောက မိုးခါးနဲ့ ငါ မင်းနှုတ်ဖျားက ကြွေကျလာမယ့် သူတို့ လေးတွေအကြောင်းကို သွားရေတမြားမြားနဲ့ စောင့်နေရတာပါကွာ”

“ဟား ဟား ဟား ဟား”

မိုးခါးနဲ့ ပင်ရင်းမှာ ထွဋ်မြ အပြောကို အူနှိပ်ရယ်ပြနေ၇သည် ။

“ကဲပါ ပင်ရင်းရာ၊ ထွဋ်မြ လုပ်ပြနေတာ သနားစရာတောင် ကောင်းနေပါပြီ၊ ပြောပြလိုက်ပါတော့ကွာ”

“အောင်မာ … ပနာက ဝင်ယူသွားတယ်၊ မင်းလည်း သိချင်နေတယ်မို့လား”

“ကဲ ကဲ … မောင်ထွဋ်မြနဲ့ မောင်မိုးခါး တော်တော့။ ကိုယ့်ဆီက အကြောင်းအရာတချို့ကို ရွှေနားတော်သွင်းချင်ရင် မီးဖိုထဲဝင်ပြီး ရေခဲသေတ္တာထဲက ရှိသမျှအသားတွေ အကုန်သွားကြော်လိုက်၊ လက်ကျန်ဘီယာဘူးတွေပါ အကုန်ထုတ် ဟုတ်ပြီလား။ ငါ့ပါးစပ်ထဲ ဘီယာနှစ်ဘူးတိတိရောက်မှ ငါကိုယ်တော် နှုတ်တော်ချွေမယ်”

“ခွေးသား … လိပ်သား”

“ကြွက်သား … ဖားသား”

“ရတယ်၊ ငါ ဘာသားဖြစ်ဖြစ် စားတယ်”

“မင်းကို ဆဲနေတာ၊ ခွေးသား …လိပ်သားရဲ့ ”

“ဟုတ်တယ် ချသား၊ ယင်ကောင်သားရဲ့ ”

“အဟီး … သိသားပဲ”

မီးဖိုထဲဝင် တရှန်းရှန်း ကြော်လှော်ချက်ပြုတ်ရင်း ဆူညံနေကြသည် ။

ခဏနေတော့ ဘီယာဘူးဖွင့်သံ တဖောက်ဖောက်မြည်လာသည် ။

“ငါနဲ့ စေ့စပ်ပေးတဲ့ ကောင်မလေးက မေဆီဆေးတဲ့ ”

“နာမည်က လန်းလှချည်လား”

“သူ့အစ်မက မေပန်းချီ၊ သူ့ညီမက မေရေဆေးတဲ့ ”

“သုံးယောက်လုံး ပန်းချီကောက်ကြောင်းတွေထက် လှတယ်လို့ ဆိုရမယ်ကွ”

မိုးခါးတို့ ဆီက တံတွေးမျိုချသံတွေ ကြားရသည် ။

“ဒါဆို မင်းတော့ ကော်တာပေါ့ ပင်ရင်း”

“သူတို့ က မိဘတွေ မရှိတော့ဘူး။ ရေဆေးကိုမွေးပြီးကတည်းက သူ့အဖေ ကားမှောက်တဲ့ သတင်းကြားပြီး သူ့အမေလည်း သွေးနုသားနုနဲ့ သတိလစ်လဲကျသွားတာ အသက်ပါ ပါတာပဲတဲ့ ”

“သြော် … ကျွတ် … ကျွတ် … သနားလိုက်တာ”

“သူတို့ က အဘွားလည်း မရှိတော့ဘူး။ သူတို့ အမေဘက်က အမျိုးတွေကလည်း တောမှာ ဆိုတော့ သူတို့ အဘိုးကပဲ မွေးထားခဲ့တာ၊ သူ့အဘိုးက သားတစ်ယောက်ပဲရှိပြီး သားရော ချွေးမပါဆုံးတော့ ဒီမြေးသုံးယောက်ကိုပဲ သားသမီးလိုရော မြေးလိုပါ ချစ်ခဲ့တာပေါ့ကွာ”

“ဒါ ဆိုရင်တော့ အဲဒီညီမသုံးယောက်ဟာ သာမန်မိန်းကလေးတွေထက် ပိုပြီးတော့ Abnormal ဖြစ်နိုင်တယ်ကွ။ မင်း စဉ်းစားကြည့်ကွာ၊

တခြားမိန်းကလေးတွေလို အမိ အဒေါ် အဘွား ဆိုတဲ့ မိန်းမသားတွေရဲ့ ရင်အုပ်မကွာ စောင့်ရှောက်ခြင်းကို ခံရတာမှ မဟုတ်တာ”

ပင်ရင်းက မိုးခါးကို မျက်လုံးပြူးနှင့်ကြည့်ပြီး ...

“မှန် လိုက်လေ မိုးခါးရာ၊ ပညာရှိပါပေတယ်”

“ဟဲ ဟဲ ... ဟီး ဟီး”

“ပြောလိုက်ကာမှ ကော်လာတထောင်ထောင်နဲ့ ရုပ်က မျက်နှာပိုးမသေပဲ လင်းတသွားဖြီးရုပ်”

ထွန်းမြက ဝင်ခွပ်လိုက်မှ ငြိမ်သွားသည် ။

“ကဲ ... ဆက်ပါဦး ပင်ရင်း”

“သုံးယောက်လုံးက တီရှပ်နဲ့ ဘောင်းဘီကိုပဲ စွဲမြဲဝတ်ကြတယ်၊ အဲတာလည်း အဘိုးကြီးအကြိုက် ဝတ်ရတာတဲ့ ။ အကြီးမ မေပန်းချီက ကျောင်းပြီးပြီ။ ပရိဘောဂလုပ်ငန်းကို ဦးဆောင်တယ်။ အခု ငါနဲ့ စေ့စပ်တဲ့ ဆီဆေးကကျတော့ ကားဝပ်ရှော့ကို ကြီးကြပ်တယ်။ ကားပစ္စည်းဆိုင်ရောပေါ့ကွာ”

“မင်းဟာတွေကလည်း အလုပ်တွေက တစ်ခုမှ မိန်းမ မဆန်ပါလား”

“အင်း ... အငယ်လေး ရေဆေးကတော့ မကွေးဆေးတက္ကသိုလ်မှာ ဆေးကျောင်းသူပေါ့ကွာ”

“ငါ အဲဒါလေး စိတ်ဝင်စားတယ်”

“ငါရောပဲ ... ငါရောပဲ”

ပင်ရင်းက လုယက်နေသော သူငယ်ချင်းတွေကို ကြည့်ကာ ခပ်မိန့်မိန့် ပြောလိုက်သည် ။

“ငါလည်း အဲဒါ ဒုက္ခရောက်နေတာပေ့ါ”

“ဘာကိုလဲ”

“ငါကလည်း သူတို့ ညီမတွေထဲမှာ ရေဆေးကိုပဲ ကြိုက်တာ”

“ဟင်”

“ဟာ ... ပင်ရင်း”

ဟိုနှစ်ကောင်က နောက်နောက်ပြောင်ပြောင် ပါးစပ်ပြော ပြောရုံမှန်းသိတာမို့ သူ အမှန်ကိုရင်ဖွင့်မိသည် ။

“ဟုတ်တယ်ကွ။ ဆီဆေးကလည်း လှလှပပ ထက်ထက်မြက်မြက် ကလေးပါ ဒါပေမဲ့ ငါ အငယ်လေးစာတ်ပုံမြင်ပြီးကတည်းက ရင်ထဲမှာ ဒိန်းဒလိန်းနတ် ဝင်ပူးသွားတယ်ကွာ”

“ဒါဆိုလည်း မင်းက အငယ်ပဲ ကြိုက်တယ်လို့ ပြောလိုက်ပေ့ါကွာ”

“မရဘူးကွ၊ အဘိုးကြီးက သူ့မြေးတွေကို စကေးနဲ့ ပေးစားတာကွ။ သူ မြေးတွေကို လက်ထပ်မယ့် ယောကျ်ားလေးက သူ့မြေးထက် သုံးနှစ်ကြီးရမယ်တဲ့ ၊ ခုဆို ငါက နှစ်ဆယ့်ငါးနှစ်ကွာ၊ ပန်းချီကလည်း နှစ်ဆယ့်ငါး၊ ဒီတော့ ငါနဲ့ ပန်းချီက မဖြစ်နိုင်ဘူး။ အဲ ... ဆီဆေးက နှစ်ဆယ့်နှစ်ဆိုတော့ အိုခေပေ့ါ။ ရေဆေးလေးက ဆယ့်ရှစ်နှစ်ပဲ ရှိသေးတော့ ငါ့နဲ့ မကိုက်ဘူးပေ့ါကွာ ”

“ဟာကွာ ... ကြောင်လိုက်တာ၊ လင်စံရွေး သုံးနှစ်ကွာလို့ စကားပုံ ပြောင်းရမလို ဖြစ်နေပြီ”

“အိမ်မှာ ငါနဲ့ ဒယ်ဒီတို့ အဲဒါဖိုက်လာကြတာပေ့ါကွာ။ ငါကလည်း အငယ်လေးကို ကြိုက်နေရက် သူ့အမကိုတော့ ဘယ်ယူချင်ပါ့မလဲကွာ”

"အေးပေါ့ ... မင်းဒယ်ဒီက ဘာတဲ့ လဲ"

"ဒယ်ဒီကတော့ ဆီဆေးနဲ့ ငါပဲ သင့်တော်တယ်တဲ့ ၊ ရေဆေးနဲ့ ငါက ခုနစ်နှစ်ကွာတယ်ဆိုတော့ အိမ်ထောင်ရေးမှာ အသက်ကွာဟမှုကလည်း ပြဿနာရှိနိုင်တယ်ပေါ့ကွာ၊ ပွားစဉ်တွေပေါ့"

"ဒါဆို မင်း တိုင်ပင်လွှဲလာတာပေါ့"

"အေးကွာ"

"အလတ်မနဲ့ စေ့စပ်ပေးတယ်ဆိုတော့ မေပန်းချီရော စေ့စပ်ပြီးသား ပဲလား"

"အင်း ... မေပန်းချီလည်း စေ့စပ်ပြီးသားပဲ။ အငယ်လေးရေဆေးပဲ လွတ်တာကွ၊ ငါ ထင်ပါတယ်၊ ဆီဆေးကိစ္စပြီးပြီဆိုတော့ မကြာခင် ရေဆေးလည်း လာတော့မှာ ပေါ့"

"ဘာလဲ ... အဘိုးကြီးက စရွေးကိုက်ကြီးပေါ့"

"အေးပေါ့ကွာ၊ ပရိဘောဂစက်ရုံနဲ့ ပရိဘောဂလုပ်ငန်း ရှိပါတယ် ဆိုမှာ တော့ စရွေးကို တစ်စကေးတောင် အရှေ့မခံဘူး ထင်ပါတယ်ကွာ"

"အဲဒီတော့ မင်း ဘာဆက်လုပ်မလဲ"

"မသိဘူး၊ အခု အကုန်ပြောပြီးဆိုပြီး ကုန်ပြီ"

ပင်ရင်းက ခြေပစ်လက်ပစ် လှဲချရင်း ခေါင်းခါသည် ။ မိုးခါးနှင့် ထွဋ်မြမှာ လည်း ဘာကူလို့ ကူရမှန်းမသိ။ သူတို့ သူငယ်ချင်း ပင်ရင်း ဒီလိုဖြစ်တာလည်း တစ်ခါမှ မတွေ့ဖူးတာမို့ ဒီတစ်ခါ တကယ်ဟတ်ထိလာမှန်းလည်း သိသာသည် ။

တကယ်တော့ သူတို့ သုံးယောက်က ကျောင်းတက်တုန်းကလည်း

အချစ်နဲ့ ရည်းစား မရှာခဲ့သလို ကျောင်းပြီးတော့လည်း စီးပွားရေးကို သာ ဖောက်ချခဲ့ပြီး အခုဆို အခြေတကျလေးဖြစ် လာပြီမို့ အိမ်ထောင် ရေးနဲ့ ချစ်သူဆိုတာကို နည်းနည်းကလေးစိတ်ဝင်စားလာတာပါ၊ အရင် ဆုံး ဈေးဦးစဖောက်တာက ပင်ရင်း။

ပင်ရင်းကို သူ့ဒယ်ဒီက သူ့မိတ်ဆွေတစ်ယောက်၏ မြေးနှင့် စေ့စပ် ပေးတော့မည်တဲ့ ။

အဲဒီတုန်းက သုံးကိုယ့်တစ်စိတ် သူတို့ မှာ ပင်ရင်းနဲ့ ထပ်တူ ရင်တွေ ခုန်ခဲ့ကြသေးသည် ။

စေ့စပ်ပြောဆိုရုံပဲဟု ဆိုလာသဖြင့် လူအနည်းငယ်နဲ့ ခပ်ကျဉ်းကျဉ်း စေ့စပ်ပွဲကို သူတို့လိုက်ခွင့်မရခဲ့။

ခုတော့ ပင်ရင်း ဟတ်က တလွဲကြီးထိသွားပြီး မှိုတက်လာသဖြင့် သူတို့ ပါ မှိုင်းရသည် ။

“ပင်ရင်း ... ငါ တစ်ခုအကြံပေးမယ်၊ မင်းတို့ ကိစ္စက ရှောင်လွှဲလို့ မ ရတော့ဘူးဆိုရင် မင်းနဲ့ ဆီဆေးကြားမှာ လမ်းတစ်ခု ထည့်ရမယ်၊ လမ်း မှန်တော့ မဟုတ်ဘူး ။ လမ်းလွှဲရမယ်”

“အဲဒီတာဝန်ကို ဘယ်သူယူမှာ လဲ”

“ငါနဲ့ မိုးခါး မဲနှိုက်ရမှာ ပေါ့”

“ဩော် ... နေဦး၊ မင်းတို့ ပိုပြီး မဲနှိုက်ချင်အောင် သူတို့ ညီမသုံးယော က် ရိုက်ထားတဲ့ ဓာတ်ပုံပြမယ်”

“မသာရယ် စောစောက ပြပါတော့လား။ ဒီလောက်အရေးကြီးတာ ကို”

“နေပါဦး ပင်ရင်းရ။ အဘိုးကြီးက ညီမသုံးယောက်တွဲရိုက်တဲ့ ပုံကို ကြည့်ဖြူလိုက်တယ်ပေါ့”

“ဧည့်ခန်းထဲထားတဲ့ အယ်လ်ဘမ်ထဲက ခိုးလာတာကွ”

“ဩော် … ဂလိုကိုး၊ ဟား ဟား ဟား ဟား”

***

“ထမင်းသုပ် သွားစားမယ်”

“ဟာ … အစားပဲ စဉ်းစားနေ။ ရောက်တုန်းရောက်ခိုက် မြသလွန် အရင်ဖူးပါတော့လား”

“ထမင်းသုပ်စားပြီးတော့ ဖူးမှာ ပေါ့”

“မရဘူးဗျာ၊ ဒီလောက် အချိန်မပေးနိုင်ဘူး၊ ဒီမှာ စာတွေ ပုံနေတာကို မဆီကလည်း ”

“ကဲပါ ငယ်လေးရာ၊ မဖောက်စမ်းနဲ့ ၊ ငါပြောစရာရှိလို့ လာတာနော် ”

“မကွေးထိ တကူးတက လာပြောရသေးတယ်၊ ဖုန်းနဲ့ ပြောလိုက် ပြီးတာပဲ”

“အောင်မယ် … ပိုက်ဆံလည်း လာပို့ရသေးတယ်”

“အဲဒါလည်း ဘဏ်ကလွှဲလို့ ရတာပဲ”

“ငယ်လေးနော်၊ ငါ ခုချက်ချင်း ပြန်ရမလားပြော၊ သူ့စာအုပ်တွေကိုပဲ သံယောဇဉ်ထားတယ်”

“ကဲပါ၊ ပြောနေကြာတယ်၊ လာ ထမင်းသွားဝိုက်ကြမယ်”

ရေဆေးနောက်ကဆိုင်ကယ်ကိုခွစီးလာသော ဆီဆေးဆိုတာ မဟော်ဂနီရောင်တောက်တောက် ဆံပင်ဖြောင့်စင်းစင်းတွေနဲ့ Gucci မျက်မှန်ဝိုင်းကြီး တပ်ထားသောကြောင့် စတိုင်လ်ကလန်းလွန်းလို့ မကွေးသူ မဟုတ်မှန်း သိသာသည် ။

အညာနွေ မကွေးပူ မိမှာ စိုးလို့ တဲ့ ။ ဆွယ်တာဖြူဆွတ်ဆွတ်လက်ရှည်ကို အပေါ်ဆုံးကြယ်သီးတစ်လုံး ဖြုတ်ဝတ်ထားသည် ။ 501 ဂျင်းပန့်ခ် အကျပ်နဲ့ မိပြီးရင်း မိနေသည် ။

ခေါင်းငဲ့ပြီး ဆိုင်ကယ်စီးဦးထုပ်ချွတ်တာကအစ လှသည် ။ ရေဆေးကတော့ ခပ်ရိုးရိုးပင်။ တီရှပ်နှင့် ဂျင်းပန့်ခ်ကိုပဲ ဝတ်ထားသည် ။ သူမရဲ့ နဂိုကောက် လှိုင်းတွန့်ဆံပင် ဖွာရာရာတွေကို ရှန်းမကြွအောင် သံလွင်ဆီ ခပ်နစ်နစ်တို့ ထားတာကလွဲပြီး မျက်နှာပေါ်မှာ Lotion တစ်မျိုးသာ။

ဒါတောင် သူမက မကွေးဆေးတက္ကသိုလ်ရဲ့ ကွင်းန်။ ရန်ကုန်မှာ စာမေးပွဲဖြေပါရစေဆိုတာကို သဲသော ကဲသော ဘိုးဘိုးက ရေဆေးကို နေပြည်တော်ရှိ စိုးစံဘော်ဒါကို ပို့လိုက်တော့ သူမက အလိုလို မကွေးဆေးကို ရောက်လာရတာပင်။

ဘာပဲဖြစ်ဖြစ် ရန်ကုန်မှာ ထက်စာရင် အေးချမ်းသော မကွေးမြို့လေးကို ပိုနှစ်သက်သဖြင့် ရေဆေးကတော့ ပျော်ပါ၏။

ရေဆေးတို့ ညီအစ်မသုံးယောက်က တိုက်ပ်တစ်မျိုးစီပါ။ မကြီးပန်းချီက မိန်းမဆန်ပြီး မဟာဆန်ချင်သူ။ မလတ်ဆီဆေးက အရမ်းအလှကြိုက်ကာ စတိုင်မိုက်သူ။ အငယ်လေးရေဆေးက ပညာဂုဏ်မက်ကာ အမြီးရှည်ချင်သူ။

"ကဲ ... ပြောပါဦး"

ထမင်းသုပ်ကို လက်စသတ်ပြီးတော့ ရေဆေးက ပြောလိုက်၏။

"ဘိုးဘိုးက ငါ့ကို စေ့စပ်ပေးလိုက်ပြန်ပြီ"

"ဟာ ... ကြွေစဉ်ပဲ၊ ဒါဆို ရေဆေးအလှည့်လည်း ရောက်တော့မယ် ထင်တယ်"

"သေချာတာပေါ့၊ တွေးထားပြီတဲ့ "

"စိတ်ညစ်တယ်ကွာ၊ မကြီးတို့ မလတ်တို့ က ဘွဲ့ရပြီးအလုပ်ကိုယ်စီနဲ့ ဆိုတော့ ထားပါ၊ ရေဆေးကတော့ ငယ်သေးတယ်၊ ပြီးတော့ ရေဆေး အဲကိစ္စတွေ စိတ်မဝင်စားဘူး"

"ငါလည်း စိတ်ညစ်တယ်ဟ"

"မလတ် တွေ့ပြီးပြီပေါ့"

"စေ့စပ်ပြီးပါပြီဆို"

"အင်းပါ ... မကြိုက်ဘူးပေါ့၊ ညစ်နေပုံထောက်တော့"

"နိုးပါ ... မလန်းဘူးဟ၊ ငါပြောတာက Rapper တွေလို လန်းရမယ်လို့ မဆိုလိုဘူး၊ Gentleman Style ဆိုရင်လည်း ဖက်ရှင်ကျကျပေါ့ဟာ၊ ခုတော့ စေ့စပ်ဖို့ လာတာတောင် လည်ကတုံးကို ကြယ်သီးအစေ့မတပ်ထားဘူး၊ လက်ကိုလည်း နှစ်ပတ်လောက် ခေါက်ထားသေးတယ်၊ သေချင်စော်နံရော"

"ဒါပေမယ့် မလတ် ငြင်းလို့ မရဘူးမို့လား"

"ထုံးစံအတိုင်း ပြောတော့ ပြောကြည့်တာပေါ့၊ ဒါပေမဲ့ သိတယ်မို့လား ဘိုးဘိုးပေတံကို"

"အား ... ရေဆေးလည်း ဘယ်လိုလာမလဲ မသိဘူး၊ ဒုက္ခပဲ"

"ဟုတ်တယ်ဟ၊ တကယ်ညစ်စဉ်နော်၊ မကြီးတုန်းက အဆင်ပြေသွားတာနဲ့ ငါတို့ ပါ အိုခေမယ် ထင်သွားတယ်ဟ"

"သြော် ... မကြီးက သူ့အကြိုက်တွေ့တာကိုး၊ ကိုသူက သူကြိုက်တဲ့ ဂန္ထဝင်ကြီးကိုး"

"အင်းလေ"

"နေပါဦး၊ သူ့နာမည်လေး ပြောပါဦး၊ ခဲအိုလတ်ဖြစ်လာမှာ ဆိုတော့"

"ပင်ရင်းတဲ့ ၊ နာမည်ကိုကတုံးတာ"

"ခိ ခိ ... မလတ် ထိပြီ၊ အဟိ"

***

"ပင်ရင်း ... မင်း တော်တော်တုံးတာပဲ၊ ဘယ်လိုကြည့်ကြည့် ဒီသုံးယောက်မှာ မေဆီဆေးက အလှဆုံးပဲလေ ငတုံးရဲ့ ။ မေရေဆေးက ကလေးရုပ် မပျောက်သေးတဲ့ ငယ်ဂုဏ်ပဲရှိတာ။ ပြီးတော့ မေရေဆေးက မျက်နှာတင်းတဲ့ အထဲပါတယ်နော်၊ မေဆီဆေးကမှ ဆွဲဖြစ်တာ မျက်လုံးကို တောက်နေတာပဲ"

"မိုးခါး ... မင်း ကြွေသွားပြီလား"

"ဟာ ... ငါက သဘောပြောတာ"

"ရတယ် သယ်ရင်း၊ အတည်ဆိုလည်း ရတယ်၊ ငါတကယ် သူ့ကိုမကြိုက်တာကွ၊ သူ့ပုံစံက အရမ်းလှချင်တဲ့ မယ်ဘော်ကြော့ပုံစံကွ။ ဘာမှ မဟုတ်တဲ့ လူကြီးချင်း စကားလေးပြောဆိုရုံကိုတောင် ပြင်ဆင်ထားလိုက်တာ ညွတ်နေတာပဲ။ ကားဝပ်ရှော့ကို ဦးစီးတယ်သာဆိုတာ သူ့လက်သည်းတွေက ရှည်ကော့ပြီး ကြွေရောင်တောက်နေတာပဲကွ။ ပြီး

တော့ ကော်ဖီခွက်လေး ကမ်းပေးတာကအစ အက်ရှင်နဲ့ ကွ၊ ကြာတော့ ကွာ၊ ငါကြည့်မရတော့ဘူး။ သူ တော်တော်လှတာကလွဲရင် ဘာမှ ငါသဘောမကျဘူး။ မင်းတို့ သဘောပေါက်လား ငါဆိုလိုတာက အလှတရားတွေကို အဲဒီပဲပေးတာကြီးက ဖုံးသွားတယ်၊ ငါ မမိုက်တော့ဘူး”

“ရပြီ … ရပြီ၊ အဲလောက်မရှင်းပြနဲ့ ။ ကောင်းပြီ၊ မင်းသဘောမကျရင်တော့ ငါဝင်ပြီ၊ ငါက သူ့ကိုငြိတယ်ကွာ၊ သြော် … ကိုထွဋ်မြရော ဆန္ဒရှိသေးလား၊ ရှိရင်တော့ မဲနှိုက်ပါ့မယ်”

“မင်းခိုက်ရင်တော့ မင်းပဲလှုပ်ရှားလိုက်တော့။ ငါကတော့ ဓာတ်ပုံလောက်ကို မခံစားတတ်ဘူး”

“အိုခေ … ပင်ရင်း၊ မင်းရဲ့ လမ်းလွှဲက ငါပဲလို့ မှတ်လိုက်တော့”

“အေးပါ … အဲဒီကိစ္စက မင်းရှင်းပေးတာ ဟုတ်တယ်။ ဒါပေမဲ့ ငါ့ပစ်မှတ်ကို ဘယ်လိုလမ်းခင်းရမလဲ”

“မကွေးဆိုတော့ လှုပ်ရှားရခက်တယ်။ တစ်ခုပဲ သူ့ဆီစာထည့်၊ ဖုန်းနံပါတ်သိရင်ဆက်၊ မေးလ်သိရင် ပို့ထားလိုက်လို့ ရတယ်၊ မင်းက အဝေးကွင်းကို လှမ်းပစ်ရမှာ ကွ၊ ထိဖို့ ကလည်း လက်ဖြောင့်ဦးမှ ”

“အေး … ငါ့ပြဿနာက အကြီးကြီးကွ”

“ဒီထက်ပိုဆိုးတာက သူက မင်းရဲ့ ခယ်မလောင်း”

“ကဲပါကွာ၊ ဝိုင်းစဉ်းစားကြတာပေါ့”

“ဟုတ်တယ်၊ လောလောဆယ်က မေဆီဆေးဆီ မိုးခါးကို ရောက်အောင်ပို့ရဦးမယ်။ မိုးခါး … မင်းက ငါတို့ သုံးကောင်ထဲက ရုပ်အဖြောင့်ဆုံး၊ စတိုင်လ်ကလည်း အမိဆုံးဆိုတော့ မင်းကို သူ မီးစိမ်းလောက်တယ်ကွာ”

"ငါ မျက်နှာပေါင်းတင်ဖို့ လိုသေးလား"

"ပိုက်ဆံကုန်ခံနိုင်ရင် လုပ်ပေ့ါကွာ"

"ဟား ဟား"

ထိုသို့သဘာတူညီချက် ရပြီချိန်မှာ မိုးခါးက သူမအကြောင်းတွေ လိုက်စုံစမ်းပါ၏။

"တစ်ခုရှိတယ် ပင်ရင်း၊ မင်းနဲ့ ငါက သူငယ်ချင်းဆိုတာသိရင် သူလည်း ဟိုတွေး ဒီတွေးနဲ့ လမ်းရှုပ်သွားနိုင်တယ်"

"အဲဒီတော့ … အိုခေ ငါပေါက်ပြီ"

ထွင့်မြကတော့ ပီကေအဝါးမပျက်ပဲ …

"မင်းတို့ လိုရင်ပြောနော်၊ ငါ့အခန်း ရှိရင်တော့ မနဲ့ဘူး"

"အေးပါ … လိုရင်လိုသလို သုံးရမှာ ပဲ"

မေဆီဆေးအကြောင်း စုံစမ်းရတာက လွယ်ပါသည် ။ ပင်ရင်းမာမီဆီကတစ်ဆင့် အကုန်နီးပါး သိရသည် ။

သူမ၏ နေ့စဉ်အပြုအမူတွေက အစပေ့ါ။

ဥပမာ တစ်နေ့ တစ်ခါ ခေါင်းလျှော်တာတို့ ။

တစ်ပတ်တစ်ခါ တစ်ကိုယ်လုံးပေါင်းတင်တာတို့ ။

မိတ်ကပ်ဆို Kancbo တစ်မျိုးတည်းသုံးပြီး Skin care ဆို Healthy shop ပဲ သုံးတတ်တာအဆုံး အကုန်သိရ၏။

သူမ အားရက်တွေမှာ တစ်ပတ်တစ်ခါ ရေသွားကူးပြီး ညနေဆို သူငယ်ချင်းတွေနဲ့ ရှော့ပင်ထွက်သတဲ့ ။

သူမကြိုက်တဲ့ အစားအစာက ဆန်စီးကို တို့ ဟူးနွေးဆမ်းပြီး ကြာညိုပေါက်ထားတဲ့ ရှမ်းဆန်စီးသုပ်ဆိုပဲ။

လက်ဖက်ရည်သောက်ရင် ရင်တုန်တတ်သည့် သူမက ကော်ဖီကို ကျကျနန နှပ်သောက်သတဲ့ ။

သြော် ... ကျန်သေးသည် ။

သူမက ဝိတ်တက်မှာ စိုးပြီး ညစာမစားဘူးဆိုပဲ။

ပင်ရင်းက ထိုအကြောင်းကို ဤသို့ ရယ်ပွဲဖွဲ့ခဲ့သေးသည် ။

“မေဆီဆေးက နေ့တိုင်း ဥပုပ်စောင့်တာကွ၊ ဟား ဟား”

ဤသို့ ဤနှယ် ဤခရီးနီးခဲ့တယ် ဆိုပါစို့။

*